ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန
https://mohai.nugmyanmar.org/

**လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန CDM ဝန်ထမ်းများ ကိုယ်စားပြု ကော်မတီအား လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန အဖြစ် ပြောင်းလဲဖွဲ့စည်းခြင်း**

**အမိန့်ကြော်ငြာစာအမှတ် (၀၃/ ၂၀၂၂)**
**၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်**
**(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၄ ရက်)**

၁။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့မှစ၍ နိုင်ငံတော်အာဏာကို အကြမ်းဖက် လုယူသိမ်းပိုက်ခဲ့သည့် စစ်ကောင်စီ၏ လက်အောက်တွင် တာဝန်ထမ်းဆောင်လိုခြင်း မရှိသော မြန်မာနိုင်ငံအရပ်ရပ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ CDM ဝန်ထမ်းများ အား ဆက်သွယ်ချိတ်ဆက် စုစည်း၍ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုအောက်တွင် လိုက်ပါဆောင်ရွက်နိုင်ရေး အတွက် **လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန CDM ဝန်ထမ်းများ ကိုယ်စားပြုကော်မတီ**အား ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၏ (၃၀ - ၁၀- ၂၀၂၁) ရက်စွဲပါ အမိန့်အမှတ်၊ (၈/ ၂၀၂၁) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၏ စိုးမိုးနယ်မြေများနှင့် ထိန်းချုပ်နယ်မြေများ၌ စစ်ကောင်စီ၏ လစ်လပ်သွားသော မိမိဌာနလုပ်ငန်းများတွင် အစားဝင်ရောက်၍ ကြားကာလ အစိုးရ ယန္တရားများ ပိုမိုပီပြင်စွာ ဆောင်ရွက်နိုင်စေရေး၊ အမျိုးသား ညီညွတ်ရေးအစိုးရ၏ မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်မှုများနှင့်အညီ စနစ်တကျ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် **လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန CDM ဝန်ထမ်းများ ကိုယ်စားပြုကော်မတီ** အား (၂၃- ၄- ၂၀၂၂) ရက်နေ့မှ စ၍ **လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန** အဖြစ် ပြောင်းလဲ ဖွဲ့စည်းလိုက်သည်။

လွင်ကိုလတ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန